**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**မွန်ပြည်နယ်၊ သံလွင်မြစ် (ဒရယ်ပေါက်) ရေလမ်းကြောင်းတိုးတက်ကောင်းမွန်ရေးသောင်တူးဖော်**

**ရှင်းလင်းခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မွန်ပြည်နယ်၊ ဘီလူးကျွန်းမြောက်ဘက်ရှိ သံလွင်မြစ်ရေလမ်းကြောင်း (ဒရယ်ပေါက်) တွင် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် နုန်းအနည်ထိုင်မှုများ များပြားလာခဲ့ပြီး ရေစီးရေလာများ ပိတ်ဆို့၍ ရေကြီးရေလျှံခြင်း၊ ရေစူးအနက်များ ကျဆင်း၍ ရေယာဉ်များ ဝင်ထွက်သွားလာရေးအား အဟန့်အတား ဖြစ်ပေါ်လျက်ရှိသဖြင့် ရေစီးရေလာကောင်းမွန်ရေးနှင့် ရေလမ်းကြောင်းတိုးတက် ကောင်းမွန်ရေးတို့အတွက် ရေလမ်းကြောင်းတစ်လျှောက် သောင်တူးဖော်ရှင်းလင်းခြင်းနှင့် ထွက်ရှိလာ သောသဲများအား ပြည်ပသို့ တင်ပို့ခြင်း လုပ်ငန်းအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပြည်တွင်း/ပြည်ပ ကုမ္ပဏီကြီးများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရေး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စိစစ်ရွေးချယ်သွား မည်ဖြစ်ပါသည်။

၂။ ရေလမ်းကြောင်းတိုးတက်ကောင်းမွန်ရေး သောင်တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းသည် စီးပွားရေး ဆန်ဆန် သောင်တူးဖော်ခြင်း (Spot Dredging) မျိုးမဟုတ်ဘဲ သဘာဝပတ်ဝန်းကျင်၏ Eco System ကို ထိခိုက်မှု မရှိစေရန် တူးဖော်ရှင်းလင်းရခြင်း၊ ဌာနမှ သတ်မှတ်ပေးသည့် ရေလမ်းကြောင်းတစ်လျှောက်ရှိ ရေတိမ်ကွက်များကိုသာ မူလရေစူးအနက် ပြန်လည်ရရှိအောင် တူးဖော်ရှင်းလင်းရခြင်း၊ ဒေသခံပြည်သူ များ၏ လူမှုစီးပွားရေးကို ထိခိုက်နှောက်ယှက်မှု မရှိစေရန် ဆောင်ရွက်ရခြင်း၊ လိုအပ်ပါက ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများနှင့် ဒေသလိုအပ်ချက်များတွင် ကူညီပံ့ပိုး ဆောင်ရွက်ရခြင်း စသည့် အခြေအနေများ ကြောင့် လုပ်ငန်းအတွေ့အကြုံ၊ နည်းပညာ၊ စက်ယန္တရား၊ ကျွမ်းကျင် ပညာရှင်များနှင့် ဘဏ္ဍာရေးကိစ္စ ရပ်များတွင် ကောင်းမွန်ပြည့်စုံ ခိုင်မာမှုရှိရန် အထူးလိုအပ်မည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ လုပ်ငန်းအတွေ့အကြုံ နည်းပညာ၊ စက်ယန္တရား၊ ကျွမ်းကျင် ပညာရှင်များနှင့် ဘဏ္ဍာရေး ကိစ္စရပ်များ ပြည့်စုံ၍ လုပ်ငန်းဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပ ကုမ္ပဏီကြီးများအနေဖြင့် အိတ်ဖွင့်တင်ဒါ လျှောက်လွှာများအား အောက်ပါအတိုင်း ဝယ်ယူနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည် (ပြည်ပကုမ္ပဏီကြီးများအနေဖြင့် ပြည်တွင်းကုမ္ပဏီနှင့် JV ပြုလုပ်ခြင်း သို့မဟုတ် မြန်မာနိုင်ငံရုံးခွဲ ဖွင့်လှစ်ခြင်းများ ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါသည်)-

(က) လျှောက်လွှာဝယ်ယူရမည့်နေရာ - မြန်မာ့ဆိပ်ကမ်းအာဏာပိုင်-ရုံးချုပ်(ရေကြောင်းဌာန)

( ခ ) လျှောက်လွှာရောင်းချမည့် နေ့ရက်/အချိန် - ၁-၂-၂၀၂၂ မှ ၂၁-၂-၂၀၂၂ ရက်နေ့ (၁၅:၀၀)နာရီ (ရုံးချိန်အတွင်း)

( ဂ ) လျှောက်လွှာလက်ခံမည့် နေရာ/နေ့ရက်/အချိန် - မြန်မာ့ဆိပ်ကမ်းအာဏာပိုင်-ရုံးချုပ် ၁-၃-၂၀၂၂ (၁၄:၃၀)နာရီ

(ဃ) လျှောက်လွှာဖွင့်ဖောက်မည့် - ၁-၃-၂၀၂၂ (၁၅:၃၀) နာရီ

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

၀၁-၂၄၆၃၈၀ ၊ ၀၁၈၃၈၇၁၁၇ (၂၁၁)

**Ministry of Transport and Communications**

**Myanma Port Authority**

**Invitation to Open Tender for Dredging and Waterway Improvement of Thanlwin River (Darebauk)**

1. The Myanma Port Authority (MPA) is planning to award the contract for dredging across the waterway of Bilu Island North Channel, Thanlwin River (Darebauk) in the Mon State, and for sand export, in order to improve the waterway and navigation channel as the sedimentation causes shallow water-depth and disrupts port operation. MPA, in this regard, would like to invite both local and international companies to participate in an Open Tender.

2. Unlike a commercial dredging, such dredging needs to ensure a) not to incur any damage to the environment and ecosystem, by dredging at the specific shallow-water areas designated by the MPA to reach the targeted water-depth, b) not to disrupt the socio-economic conditions of the local people, and c) to assist and support to local development works and local needs if necessary. And thus, the potential bidders must present qualification in terms of work- and technical experience, and the strength of expert team and equipment as well as strong financial capability. (International companies may need to form a JV with a local company or have a branch office in Myanmar.)

3. Therefore, any interested companies (both local and international) that meet the above mentioned technical and financial requirements are invited to enter the tender. Tender Application and forms can be purchased from the following address and the dates and time of the tender process are as follow:

| | | | |
|---|---|---|---|
| (a) | Address to purchase Tender Forms | – | Myanma Port Authority (Marine Department), No.10, Pansodan Street, Kyauktada Township, Yangon |
| (b) | Date & Time to purchase | – | 1-2-2022 to 21-2-2022, Office Hour (10:00-15:00) |
| (c) | Address for Tender submission and Date & Time | – | Myanma Port Authority Head Office<br>1-3-2022, 14:30 |
| (d) | Tender Opening Date & Time | – | 1-3-2022, 15:00 |

4. For further detail, please contact the following number:

(a) 01-246380

(b) 01-8387117, Ex-211